မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 17/ Issue 4/ April /2024

## Happy Myanmar New Year!

Myanmar New Year
April 17 Wednesday, 2024







We wish you all,
Good Luck,
Good Health,
Lots of Love
And Peace of mind.

## APRIL 2024

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | | | | |

## 2024, April Sunday Worship Programs

***April 7, 2024 … Holy Communion***

***April 14, 2024 … Regular Sunday Worship Service***
***Guest Speaker: Rev. Saya U Myo Maw***

***April 21, 2024 … Regular Sunday Worship Service***
***Burmese New Year Celebration after the Service***

***April 28, 2024 … Worship through Meditation Service***

****** To share our Worship Service podcasting at bcfla.org***
***May select image gallery tap for previous Worship Services. ******

---

**Worship Place**
Burmese Christian Fellowship
1337 Farmstead Ave.
La Puente, CA 91745

**Worship Service**
Sunday Worship (Sunday) 2:00 PM
Sunday School (Sunday) 2:15 PM

Bible Study …. Sunday 1:00-2:00 PM
Prayer Meeting …. Every Saturday, 2:00 PM

# ၂၀၂၄ သင်္ကြန်ရေသဘင်ပွဲတော်
# နှင့်
# နှစ်သစ်ကူးပွဲတော်

## (၂၀၂၄၊ ဧပြီလ၊ ၁၃ မှ ၁၆ ရက်)

မြန်မာနိုင်ငံရှိ မြို့ရွာများတွင်၊ ဧပြီလ သို့မဟုတ် တန်ခူးလ အချိန်အခါမှာ ပူပြင်းခြောက်သွေ့သောအပူဒဏ်မှ ကာကွယ်ရန် သန့်စင်၍မြေသောရေဖြင့် ပက်ဖြန်းခြင်း၊ ရေပူပေါင်းများနှင့်ပစ်ပေါက်ခြင်း စသည်တို့ဖြင့် သင်္ကြန်ရေကစားကြသည်။ (၄)ရက်တာကြာသည့် မြန်မာတို့၏သင်္ကြန်ရေသဘင်ပွဲတော်သည် ပူပြင်း၍ခြောက်သွေ့သောရာသီ ကုန်ဆုံးချိန်နှင့် မြန်မာတို့၏ပြက္ခဒိန်တွင် ကျရောက်လာမည့် နှစ်သစ်ကူး (သို့) နှစ်ဆန်းကာလ ဖြစ်သည်။

မြန်မာတို့၏အစဉ်အလာအရ မြန်မာလူမျိုးများသည် ဤအားလပ်ရက်များတွင် လမ်းမကြီးနှင့်လမ်းကြိုလမ်းကြားမကျန် ပျော်ရွှင်စွာရေကစားကြပါသည်။ ထို့အပြင်၊သင်္ကြန်မဏ္ဍပ်ကြီးများတွင်၊ မြူးမြူးကြွကြွတေးသီချင်းများ တီးမှုတ်သီဆိုကြ၊ အကမျိုးစုံစွာကကြ၊ အတာသင်္ကြန်ရေပက်ဖြန်းကြ၊ ပျော်ကြရွှင်ကြ၊ စားကြသောက်ကြနှင့် ကလေးများနှင့် လူကြီးများပါမကျန် စည်းလုံးညီညွတ်စွာကျင်းပကြသည်။

ထိုသို့နှစ်စဉ်နှစ်တိုင်း အတာရေပက်ဖြန်းခြင်း (သို့) အတာသင်္ကြန်ရေသဘင်ပွဲတော်ကြီးသည် လွန်ခဲ့သောနှစ်မှမကောင်းသောကံကြမ္မာများနှင့်မကောင်းမှုဒုစရိုက်များကို ဆေးကြောသန့်စင်စေဖို့ရန် ရည်ရွယ်၍လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ဤပွဲတော်ကို (၄)ရက်တိုင်တိုင် နေ့စဉ်ကျင်းပကြလေသည်။ ထို(၄)ရက်လွန်ပြီး နောက်တစ်ရက်သည် မြန်မာ့နှစ်သစ်ကူးနေ့ (သို့) နှစ်ဆန်းတစ်ရက်နေ့ (နှစ်သစ်၏ပထမနေ့) ဖြစ်သည်။

မြန်မာနှစ်သစ်ကူးနေ့တွင် ရေလောင်းရေပက်ခြင်း၊ သီဆိုကခုန်မြူးတူးခြင်းတို့ကို ရပ်စဲပြီး၊ ရှေ့လာမည့်နှစ်သစ်အတွက် ကောင်းမှုကုသိုလ်ယူရန် ဗုဒ္ဓဘာသာဝင် ယောက်ျားမိန်းမ၊ လူငယ်လူလတ်၊ သက်ကြီးရွယ်အိုများနှင့်သာသနာ့ဘုန်းတော်ကြီးဆရာများသည် ဥပုဒ်သီလဆောက်တည်ကာကုသိုလ်ယူကြ၏။ ထိုနေ့တွင် လူအများတို့သည် ငါးနှင့်ငှက်များကို ဘေးကင်းရာသို့လွှတ်ကာဘေးမဲ့ပေးကြသည်။ ဘုန်းကြီးကျောင်းများ၌လည်း ဘုန်းတော်ကြီးများ၊ ရဟန်းသဃ်ာများတို့အားဆွမ်း၊ ဝတ္ထု ပေးကပ်ကာလှူဒါန်းကြသည်။ အစားအစာများကျွေးမွေးခြင်းဖြင့် အလှူဒါနပြုကြသည်။ ထို့ပြင်၊ (၅)ပါးသီလ၊ (၈)ပါးသီလယူကာ ဥပုသ်စောင့်ကြပါသည်။ လူမျိုးဘာသာမရွေး မြန်မာပြည်သူ၊ လူအများတို့၏ ပျော်ရွှင်ကြည်နူး၊ စိတ်ချမ်းမြေ့ဖွယ်ရာ ရိုးရာဓလေ့ပွဲတော် ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

2024, April 17 Wednes day သည် မြန်မာသက္ကရာဇ် ၁၃၈၅ မှ ၁၃၈၆ သို့ ကူးပြောင်းသောမြန်မာနှစ်ဆန်း(၁)ရက်နေ့သည် The firsr day of Myanmar New Year ဖြစ်သည်။









# သခင်၏စေစားချက်

နေ့စဉ် ကျွန်ုပ်တို့၏ အသက်တာကို ထာဝရဘုရားသခင်ထံ ဆက်ကပ်အပ်နှံရန်မှာ သခင်ယေရှု၏စေစားချက် ဖြစ်သည်။

သခင်ယေရှုကလည်း (မဿဲ၊ ၆ း ၉–၁၃) ကောင်းကင်ဘုံရှင်အဖထံ ပဌနာတော်အားဖြင့် နေ့စဉ် ချဉ်းကပ်တိုးဝင်ရန် သွန်သင်ခဲ့ပါသည်။

ထိုသို့ ချဉ်းကပ်ရာ၌၊–

+ ပြောပြီးမေ့သည့် ပုံစံမျိုးမဖြစ်စေရန်၊
+ ဝတ္တရားအနေဖြင့် ဝတ်ကျေတမ်းကျေ မဖြစ်စေရန်၊ အထူးသတိပြုရပါမည်။

ပဌနာတော်ဆုတောင်းအားဖြင့်၊–

= ဘုရားသခင်ကို ချီးမွမ်းခြင်း(း၉)၊

= နိုင်ငံတော်နှင့်အလိုတော်ကိုရှာဖွေခြင်း(း၁၀)၊

= ကိုယ်တော်မစပေးသနားမည့်အကြောင်းကို ကိုးစားခြင်း (း၁၁)၊

= ခွင့်လွှတ်ရန်တောင်းလျှောက်ခြင်း (း၁၂)

= အပြစ်သွေးဆောင်ရာမှ ကယ်တင်ခြင်း (း၁၃)

= ကိုယ်တော်၏တန်ခိုးတော်စဉ်မြဲတည်ခြင်း(း၁၃) ဖြစ်ပါသည်။

ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် နေ့စဉ် အသက်ရှင်နိုင်ရန်၊–

❑ သမ္မာကျမ်းစာကို နက်နဲစွာ ဖတ်ရှုခံယူပါ။

❑ နေ့ရက်စဉ်တိုင်း၌ အကောင်းဆုံး အသက်ရှင်ပါ။

❑ ဘုရားသခင်၏လမ်းပြမှုကို တောင်းခံပါ။

❑ ခံစားရသောကောင်းကြီးများ အတွက် ကျေးဇူးတော်ချီးမွမ်းပါ။

အိုအဖ…၊

✳ ပေးသနားသောကောင်းကြီးများအတွက် ကျေးဇူးတင်ပါ၏။

✳ နှုတ်ကပတ်တော်ကို ကြွယ်ဝနက်နဲစွာသိသော ဉာဏ်ချပေးတော်မူပါ။

✳ ကိုယ်တော်ကို ရှာသော် လမ်းပြညွှန်မူပါ။

✳ ကိုယ်တော်ကို သိကျွမ်းလိုပါ၏။

✳ ကျွန်ုပ်အသက်တာအားဖြင့် ကိုယ်တော် နှစ်သက်ကျေနပ်စေလိုပါ၏။ အာမင် ။

# ကယ်တင်ခြင်းလမ်းခရီး

➤နိုင်လင်း➤

အိုချစ်မိတ်ဆွေ ..

သင်ရဲ့မြေအိမ် .. ခန္ဓာကြွေဆုံး .. ပျက်သုန်းခဲ့လျှင်
နှစ်သွယ်လမ်းမှာ .. ရွေးချယ်ရာ၌ .. ဘယ်လမ်းကိုလိုက်
ဇာတိဝိညာဉ် .. ကြိုက်နှစ်သက်စွာ .. လိုရာကိုရွေး
နှိုင်းမဲ့မေတ္တာ .. နေကြည်ဖြာစေ .. ဝင်းထိန်ရောင်ခြည် .. မမှိန်လင်းခဲ့။

အခြားလမ်းမှာ .. လူကြိုက်များလျက်
ဒုစရိုက်တွင် .. အရိပ်မှောင်၌
ပျော်ပိုက်ခဲ့သော .. ဇာတိလမ်းရဲ့
နိဂုံးချုပ်မှာ .. ခန္ဓာကြွေလင့်
ပုပ်ပျက်ခြင်းဝယ် .. ပျောက်ကွယ်သွားပြီး
ပယ်ငရဲတွင်း .. သက်ဆင်းခြင်းဖြင့်
ကြုံတွေ့ရင်းနှင့် .. ခရီးလမ်းဆုံး .. ပျောက်ရှုံးလိမ့်မည်။

ယေရှုဟောကြား .. ဒေသနာတွင်
ကိုယ့်အဆွေတို့ .. အဘို့လို့ငှာ .. ကိုယ့်သက်စွန့်ကာ
ပေးဆပ်မည့်သူ .. မရှိနိုင်ပါ။
ကယ်တင်အရှင် .. မေရှိသခင် .. တပါးတည်းသာ
အဂ္ဂါပေချစ် .. မြတ်မေတ္တာဖြင့် .. သက်တော်စွန့်၍ .. ပြစ်ကြွေးဆပ်၏။

ယေရှုရှင်မှ .. ပြောကြားရာတွင်
သူ့အားချစ်လျှင် .. ငါ့စကားကို .. နားထောင်လိမ့်မည်။
ခမည်းတော်လည်း .. ဤသူတို့ကို .. ချစ်တော်မူပြီ၊
ငါတို့သည်လည်း .. သူ့ထံသို့ရောက် .. နေရာချမည်။

သမ္မာတရား .. လမ်းခရီးမှာ ..
လျှောက်လှမ်းခဲ့လျှင် .. ယေရှုရှင်ကို .. တွေ့မြင်ရလျက်
ကောင်းကင်ထက်တွင် .. ဘုန်းတော်ဝင်စား ..ဘုရားရှင်နှင့် .. စံမြန်းလိမ့်မည်။